## အငြိမ်းစားလစာထုတ်ယူမှုအတွက် အသိပေးကြေညာခြင်း

- မြန်မာ့စီးပွားရေးဘဏ်သည် အငြိမ်းစားများ၏ ပင်စင်လစာထုတ်ယူရာတွင် ခေတ်မီနည်းပညာ အသုံးပြုစိစစ်ဆောင်ရွက်နိုင်ရန်အတွက် Centralized e-Pension စနစ်နှင့် လူဝင်မှုကြီးကြပ်ရေး နှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ e-ID စနစ်တို့ ချိတ်ဆက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါ သည်။ ယင်းသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ် ပေးသော အငြိမ်းစားများ၏ UID နံပါတ်များကိုရယူ၍ အချက်အလက်များကို မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pension Program တွင် ထည့်သွင်းရန်လိုအပ်ပါသည်။
- သို့ဖြစ်ရာ မြန်မာ့စီးပွားရေးဘဏ် ၁၇၁ ဘဏ်တွင် UID နံပါတ်ရပြီးသူ အငြိမ်းစားများထံမှ အချက် အလက်များကို ရယူထည့်သွင်းဆောင်ရွက်လျက်ရှိပြီး UID နံပါတ်ရရှိခြင်း မရှိသေးသူများအတွက်လည်း ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အသက်အရွယ်၊ ကျန်းမာရေး အခြေအနေနှင့် အခြားအုပ်ချုပ်မှုဆိုင်ရာကိစ္စ အခက်အခဲများကြောင့် UID နံပါတ်မရရှိသေးသူများ ၏ အငြိမ်းစားလစာများကိုလည်း ယခင်ထုတ်ယူနေကျအတိုင်း မြန်မာ့စီးပွားရေးဘဏ်များတွင် စီစဉ်ထုတ်ပေးလျက်ရှိပါသည်။ ပင်စင်လစာထုတ်ယူရန် အခက်အခဲရှိပါက သက်ဆိုင်ရာဘဏ်ခွဲ မန်နေဂျာများထံ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**